# PEOPLE'S DEFENSE FORCE (TAMU) တပ်ရင်း - ၁

## တိုက်ပွဲသတင်းထုတ်ပြန်ကြေငြာချက်
## ကြေငြာချက်အမှတ်(၁၃/၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်

ယနေ့ (၁၈.၁၂.၂၀၂၁)ရက်နေ့၊ နံနက် (၀၈:၃၀) အချိန်တွင် မိမိတို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (တမူးမြို့)၊ တပ်ရင်း (၁)မှ တပ်ဖွဲ့ဝင်များသည် တမူးမြို့၊ မြို့ရှောင်လမ်းတလျှောက်၌ နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေစဉ် နဂါးမင်းသမီးရဲကင်းစခန်းမှ စကစတပ်ဖွဲ့ဝင်များနှင့် ထိတွေ့၍ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပါသည်။

ဤပစ်ခတ်မှုဖြစ်စဉ်အတွင်း အကြမ်းဖက် စစ်ကောင်စီ (ခလရ -၂၆၆) မှ တပ်ကြပ်တစ်ဦးအပါအဝင် စကစတပ်ဖွဲ့ဝင်နှစ်ဦး မြေသြဇာဖြစ်သွားခဲ့သည်။

၄င်းတို့ထံမှ လက်နက်များကောက်ယူရန် ကြိုးစားစဉ် နဂါးမင်းသမီးရဲကင်းစခန်းမှ စက်သေနတ်နှင့် 40မမ လက်နက်များဖြင့် ပစ်ခတ်နေမှုကြောင့် လက်နက်များ ကောက်ယူခွင့်မရရှိခဲ့သော်လည်း မိမိတို့တပ်ဖွဲ့ဝင်များမှာ တစ်စုံတစ်ရာထိခိုက်မှုမရှိပဲ အောင်မြင်စွာ ပြန်လည်ဆုတ်ခွာနိုင်ခဲ့ကြောင်း အသိပေးထုတ်ပြန် ကြေငြာအပ်ပါသည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (တပ်ရင်း-၁)

တမူးမြို့